Graceful Bamar Co., Ltd. မှ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန် ကော်မရှင်အစည်းအဝေးသို့တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁။	အဆိုပြုချက်လက်ခံရရှိခြင်း	၂-၁၂-၂၀၁၄	-	-
၂။	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန	၄-၁၂-၂၀၁၄	၁၂-၁၂-၂၀၁၄	(၈) ရက်
	(ခ) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	၅-၁၂-၂၀၁၄	၁၈-၃-၂၀၁၅	(၁၀၃) ရက်
	(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၅-၁၂-၂၀၁၄	၁၅-၁၂-၂၀၁၄	(၁၀) ရက်
	(ဃ) ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန	၅-၁၂-၂၀၁၄	၁၆-၁၂-၂၀၁၄	(၁၁) ရက်
	(င) ယဉ်ကျေးမှုဝန်ကြီး ဌာန	၅-၁၂-၂၀၁၄	၃၁ -၁၂-၂၀၁၄	(၂၆) ရက်
၃။	PAT အစည်းအဝေး (၄၈/၂၀၁၄) (၅-၁၂-၂၀၁၄)သို့ တင်ပြခြင်း	၅-၁၂-၂၀၁၄		
၄။	PAT အစည်းအဝေးဆုံးဖြတ်ချက် ကုမ္ပဏီသို့ ပြန်ကြားသည့် ရက်စွဲ	၁၅-၁၂-၂၀၁၄	၈-၁-၂၀၁၅	(၂၂) ရက်
၅။	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၏သဘောထားမှတ်ချက် နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပေးပို့ခြင်း	၂၃-၃-၂၀၁၅		
၇။	ကုမ္ပဏီမှအဆိုပြုလွှာ(၇)စုံ ပြန်လည်ပေးပို့ခြင်း PAT အစည်းအဝေးဆုံးဖြတ် ချက်နှင့်အညီ ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်း	၂၃-၃-၂၀၁၅		
၈။	ကော်မရှင်အစည်းအဝေးသို့ တင်ပြမည့် အကြိမ်/နေ့ရက်	၆/၂၀၁၅		
၉။	**စုစုပေါင်းကြာမြင့်ရက်**	**(၁၀၉)ရက်**		

မှတ်ချက်- မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောထားမှတ်ချက်ပြန်ကြားချက်အား (၂၃-၃-၂၀၁၅) နေ့မှသာ ရရှိခြင်း ဖြစ်၍ ရက်ပေါင်း (၁၀၉)ရက် ကြာမြင့်ခြင်းဖြစ်ပါသည်။

ကုမ္ပဏီအမည်	-	Graceful Bamar Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	-	လီမိတက်ကုမ္ပဏီ (Private Company ဖြစ်ပါသည်။)
လုပ်ငန်းအမျိုးအစား	-	ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
တည်နေရာ	-	မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဝန့်ဂါကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၅၈)၊ ဂဂ်ါအနောက်၊ ဦးပိုင်အမှတ် C-၁၇၊ C-၁၈၊ C-၁၉၊ C-၂၀ ရှိမြေဧရိယာ (၃.၆၇၂)ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၂၀၃၃.၃၂ သန်း
လုပ်ငန်းသက်တမ်း	-	(၃၀) နှစ်
အရင်းကြေကာလ	-	(၃) နှစ် (၅) လ
IRR	-	၂၅ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဥ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံဝန်ထမ်းလစာ	၂.၀၄ (၁ နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၇
၃	သွန်းကုန်အခွန်ကင်းလွတ်ခွင့်	-	
၄	ဝင်ငွေခွန်	၆၀၀.၂၅	၄၂၄.၁၁
၅	ကုန်သွယ်လုပ်ငန်းခွန်		၇၄၆.၇၀
၆	လျှပ်စစ်မီးသုံးစွဲခ		၄၉၂.၆၈
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		၄၃.၈
၈	CSR (၂%)		၇၃.၅၅
			ပြည်တွင်းဝန်ထမ်း (၈၉)ဦး အလုပ်အကိုင် ရရှိမည် ဖြစ်ပါသည်။
	စုစုပေါင်း	**၆၀၃.၂၉**	**၁၇၈၂.၀၁**
	Cost : Benefit	၁ : ၃	

ကန့်သတ်

Graceful Bamar Co., Ltd. မှ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည်	- Graceful Bamar Co., Ltd.
	လုပ်ငန်းအဆိုပြုသူအမည်	- ဦးအောင်မိုးကြည် (မန်နေးဂျင်းဒါရိုက်တာ) (အဘ-ဦးလှကြည်)
	အဖွဲ့အစည်းပုံသဏ္ဌာန်	- လီမိတက်ကုမ္ပဏီ(Private Company ဖြစ်ပါသည်။)
	အဆိုပြုလုပ်ငန်းအမျိုးအစား	- ဟိုတယ်လုပ်ငန်း
	လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း	- မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂါ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၅၈)၊ ဂင်္ဂါအနောက်၊ ဦးပိုင်အမှတ် C-၁၇၊ C-၁၈၊ C-၁၉၊C-၂၀ ရှိမြေဧရိယာ (၃.၆၇၂) ဧက
၂။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- (၃၀) နှစ်
	တည်ဆောက်ရေးကာလ	- (၁) နှစ်
၃။	ရင်းနှီးမြှုပ်နှံမှုပမာဏ	- **ကျပ် ၂၀၃၃.၃၂ သန်း**
၄။	ဝန်ထမ်းအင်အား ပြည်တွင်း	- ၈၉ ဦး (ဝန်ထမ်း ၁ ဦး၏ အမြင့်ဆုံးလစာမှာ ကျပ် ၁၅ သိန်းဖြစ်ပြီး အနိမ့်ဆုံးလစာမှာ ၉၀,၀၀၀ ဖြစ်ပါသည်။)
၅။	ဝန်ဆောင်မှု(၆)နှစ်မြောက်	ဟိုတယ်လုပ်ငန်း

(US$)

စဉ်	အမျိုးအစား	အခန်း အရေအတွက်	ဝန်ဆောင်ခနှုန်း (တစ်ရက်)
(က)	Standard Room	၄၄	၅၀
(ခ)	Junior Suite Room	၃၂	၇၀
(ဂ)	Executive Suite Room	၄	၁၀၀
(ဃ)	Conference Room	၁	-
	စုစုပေါင်း	၈၁	

1 US$ = ၉၈၀ ကျပ်

၆။	ဝင်ငွေ	- ကျပ် ၁၆၃၆.၀၉ သန်း
	အသားတင်အမြတ် (၆နှစ်မြောက်)	- ကျပ် ၂၅၄.၄၆ သန်း

ကန့်သတ်

၇။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်	
	ဝင်ငွေခွန်	- ကျပ် ၈၄.၈၂ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၇၇.၉၀ သန်း
	အရင်းကြေကာလ	- (၃)နှစ် (၅) လ
	IRR	- ၂၅ %
၈။	သက်ဆိုင်ရာဌာနများမှ သဘောထား	- အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန တို့မှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံတင်ပြထားပါသည်။
၉။	ငွေကြေးအထောက်အထား	- ကျပ်ငွေ အထောက်အထားအဖြစ် မန်နေးဂျင်း ဒါရိုက်တာ ဦးအောင်မိုးကြည် အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် (၁၆-၁-၂၀၁၄) ရက်စွဲဖြင့် ကျပ် (၅.၃)သန်း၊ ဒါရိုက်တာ ဒေါ်တင်ပပမြင့် အမည်ဖြင့် KBZ Bank (လှိုင်ဘဏ်ခွဲ)တွင် (၁၁-၄-၂၀၁၄) ရက်စွဲဖြင့် ကျပ် (၉.၆၃)သန်း၊ ဒါရိုက်တာ ဦးနိုင်ဝင်းအောင် အမည်ဖြင့် KBZ Bank တွင် (၁၄-၂-၂၀၁၄) ရက်စွဲဖြင့် ကျပ်(၂.၄၇) သန်း၊ ဒါရိုက်တာ ဦးမင်းနိုင်ထွန်း အမည်ဖြင့် KBZ Bank (လှည်းတန်း) တွင် (၁၄-၂-၂၀၁၄)ရက်စွဲဖြင့် ကျပ်(၀.၇၇) သန်းနှင့် ဒါရိုက်တာ ဦးမင်းနိုင်ဦးအမည်ဖြင့် KBZ Bank (TGKN) တွင် (၅-၉-၂၀၁၄) ရက်စွဲဖြင့် ကျပ် (၁၀၃) သန်း ရှိကြောင်း ဖော်ပြထားရာ သုံးစွဲမည့်ကျပ်ငွေ(၄၅၈.၉၉)သန်းအတွက် ၂၆.၄၀ % ရှိ ကြောင်း စိစစ်တွေ့ရှိရပါသည်။ - ချေးငွေအဖြစ် မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မိုးကြည်နှင့် ဒါရိုက်တာ ဒေါ်တင်ပပမြင့်အမည်ဖြင့် ကမ္ဘောဇဘဏ်(လှိုင် ဘဏ်ခွဲ) တွင် ချေးငွေကျပ်(၇၀၀)သန်း ချေးယူထားကြောင်း တင်ပြထားပါသည်။
၁၀။	ကတိဝန်ခံချက်	- သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအားလိုက်နာမည် ဖြစ်ကြောင်း ဝန်ခံချက်များ တင်ပြထားပါသည်။
၁၁။	အခြားတင်ပြချက်	(၁) အဆောက်အအုံ ဒီဇိုင်းနှင့်ပုံစံများ တင်ပြထားပါသည်။ (၂) အဆိုပြု လုပ်ငန်းပြုလုပ်မည့် မြေကွက်အမှတ် (C-၁၇) မြေဧရိယာ (၀.၉၁၈)ဧက၊ မြေကွက်အမှတ် (C-၁၈)မြေဧရိယာ (၀.၉၁၈) ဧက၊ မြေကွက်အမှတ် (C-၁၉)မြေဧရိယာ (၀.၉၁၈) ဧက နှင့် မြေကွက်အမှတ် (C-၂၀)မြေဧရိယာ (၀.၉၁၈)ဧက စုစုပေါင်း(၃.၆၇၂)ဧကအတွက် မြေပိုင်ရှင်မန်နေးဂျင်းဒါရိုက် တာ ဦးအောင်မိုးကြည် ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြထားပါသည်။

		(၃) လုပ်ငန်း၏နှစ်စဉ်အသားတင် အမြတ်ငွေ၏ ၂ % အား လူမှု ဘဝ သာယာဝပြောရေး တာဝန်ယူမှု (Corporate Social Responsibility - CSR)အဖြစ် သုံးစွဲသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ (၄) ဝန်ထမ်းသက်သာ ချောင်ချိရေးအစီအစဉ်နှင့် မီးဘေး လုံခြုံရေး အစီအစဉ်အား တင်ပြထားပါသည်။
၁၂။	လျှပ်စစ်ဓါတ်အား	- ၃၀၀၀၀၀ kWh
၁၃။	အခွန်အကောက် ကင်းလွတ်ခွင့် လျှောက်ထားချက်	- မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၁၁)၊ ပုဒ်မ ၂၀ပါ (က၊ဂ၊စ၊ဆ၊ဇ၊ည)အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၄/မ-၁၄၆၅/၂၀၁၅(၂၃၅)

ရက်စွဲ ၊ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Graceful Bamar Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဟိုတယ်ဇုန် (၄) တွင် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ**

၁။ Graceful Bamar Co., Ltd. သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦး မြို့နယ်၊ ဝန့်ဂါကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၅၈)၊ ဂင်္ဂါအနောက်၊ ဦးပိုင်အမှတ် C-၁၇၊C-၁၈၊C-၁၉၊C-၂၀ ရှိမြေဧရိယာ (၃.၆၇၂)ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ (၃၆)ခန်းပါ ဘန်ဂလို (၉)လုံး၊ (၄၄)ခန်းပါ သုံးထပ် အဆောက်အဦ (၁)လုံး၊ Lobby & Dining အဆောက်အဦ (၁)လုံး တည်ဆောက်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်ရင်းနှီးမြှုပ်နှံသူ ဦးအောင်မိုးကြည် (အဘ-ဦးလှကြည်)မှ အဆိုပြုချက်တင်ပြလာခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၄၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု သက်တမ်းကာလမှာ (၃၀)နှစ်ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ (၁)နှစ်နှင့် အဆောက်အဦများမှာ တည်ဆောက်မှုပြီးစီးပြီဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် **သန်း ၂၀၃၃.၃၂** ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ငွေပမာဏ	ကျပ်	၁၉၃.၃၃ သန်း
(ခ)	စက်ပစ္စည်းကိရိယာများ (ပြည်တွင်းဝယ်)	ကျပ်	၈၀၅.၆၇ သန်း
(ဂ)	အဆောက်အအုံများ	ကျပ်	၂၄၅.၀၀ သန်း
(ဃ)	မြေ	ကျပ်	၇၈၉.၃၂ သန်း
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ	**ကျပ်**	**၂၀၃၃.၃၂ သန်း**

ကန့်သတ်

၄။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း (၈၉)ဦး ခန့်ထားမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ ပြည်တွင်း အနိမ့်ဆုံးဝန်ထမ်း(၁)ဦး၏ လစာမှာ ကျပ် ၉၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်း (၁)ဦး၏ လစာမှာ ကျပ်၁,၅၀၀,၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ ပုံမှန်နှစ်(၆)နှစ်မြောက်တွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(US$)

စဉ်	အမျိုးအစား	အခန်း အရေ အတွက်	ဝန်ဆောင်ခနှုန်း (တစ်ရက်) US$
(က)	Standard Room	၄၄	၅၀
(ခ)	Junior Suite Room	၃၂	၇၀
(ဂ)	Executive Suite Room	၄	၁၀၀
(ဃ)	Conference Room	၁	
	စုစုပေါင်း	၈၁	

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အကြောင်းအရာ	ကျပ်ငွေ (သန်း)
(က)	ဝင်ငွေ	၁၆၃၆.၀၉
(ခ)	အသုံးစရိတ်	၁၃၈၁.၆၃
(ဂ)	အသားတင်အမြတ်	၂၅၄.၄၆

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ကုန်သွယ်လုပ်ငန်းခွန် ကျပ် (၇၇.၉၁)သန်းနှင့် ဝင်ငွေခွန် ကျပ် (၈၄.၈၂)သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၃)နှစ် (၅) လ ဖြစ်ပြီး အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း(IRR) မှာ ၂၅ % ဖြစ်ပါသည်။

၈။ ယင်းအဆိုပြုလုပ်ငန်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး** **(နောက်ဆက်တွဲ-က)**

(၁) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါကြောင်း။

(၂) မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူပြုပါကြောင်း။

(၃) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်း သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါကြောင်း။

(၄) လုပ်ငန်းဆောင်ရွက်နိုင်မည့် နေရာဖြစ်ပါကြောင်း။

(၅) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (MZ)၊ ရှေးဟောင်း နေရာတည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ)များအတွင်း ကျရောက်ခြင်းမရှိပါကြောင်း။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (နောက်ဆက်တွဲ-ခ)

(၁) ဟိုတယ်တည်ဆောက်ခြင်းကို Eco-Friendly အဖြစ် ဖွံ့ဖြိုးတိုး တက်လာစေရေး အတွက် ရေတို၊ရေရှည် ဆောင်ရွက်ရန် နည်းလမ်းများပါဝင်သည့် စီမံကိန်းများ နှင့် အစီအမံများ ရေးဆွဲချမှတ် ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းရှိ ခြံ၊ မြေ၊ အဆောက်အအုံ၊ မိလ္လာပိုက်၊ ရေဆိုးစွန့်ထုတ်သည့် ပိုက်များအတွင်းမှ အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အညစ်အကြေး သို့မဟုတ် အနံ့ဆိုးထွက်စေသောအရာကို စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရန်။

(၃) လုပ်ငန်းများမှ ထွက်ရှိသော ရေဆိုးများကို ရေနုတ်မြောင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် သို့မဟုတ် ကန်အတွင်းသို့ စည်ပင်သာယာရေးကော်မတီ နည်းဥပဒေမှ သတ်မှတ်ထား သော စံချိန်စံညွှန်းအထိ သန့်စင်ပြီးမှ စွန့်ထုတ်ရန်။

(၄) ဝန်ဆောင်မှုလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား လျှော့နည်း သထက် လျှော့နည်းအောင် လျှော့ချသောနည်းလမ်း (Reduce)၊ စွန့်ပစ်လိုက် သည့် အမှိုက်များမှ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည်အသုံးပြုသော နည်းလမ်း (Reuse)နှင့် ပြန်လည် အသုံးပြု၍ရသည့် ပစ္စည်းများအား မူလပုံစံအတိုင်း သို့မဟုတ် နောက်ထပ် ပစ္စည်း ပုံစံအသစ် တစ်မျိုးအဖြစ် ပြန်လည် ပြုပြင် သုံးစွဲသောနည်းလမ်း (Recycle)များ အသုံးပြု၍ နေ့စဉ်ထွက်ရှိနေသည့် အမှိုက်ပမာဏ လျှော့နည်းလာစေရေး အတွက် စီမံချက် ရေးဆွဲဆောင်ရွက်ရန်။

(၅) ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment - EIA)ကို ဆောင်ရွက်ပြီးအစီရင်ခံစာ တင်ပြရန်။

(၆) ဆောင်ရွက်ရရှိသည့် အစီရင်ခံစာအရ စောင့်ကြပ်ကြည့်ရှု စစ်ဆေးသည့် စနစ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေနှင့် ဝန်ဆောင်မှုလုပ်ငန်း အစီအစမံများပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) များ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၇) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး ထုပ်နည်းများ၊ ညွှန်ကြားချက်များ၊ စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။

(ကုမ္ပဏီမှ အထက်ပါ သဘောထား မှတ်ချက်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကနဦး ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်လေ့လာခြင်း EIAနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစီမံချက် EMP အစီရင်ခံစာတို့အား My Asia Consulting Co., Ltd. မှ Third Party အနေဖြင့် ဆောင်ရွက်၍ ရေးဆွဲရန် နေပါကြောင်း(၂၃-၃-၂၀၁၅)ရက်စွဲပါစာဖြင့်တင်ပြထားပါသည်။)

(ဂ) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ဂ)**

(၁) အခန်းခနှုန်းထားများတွင် Standard Room (၁)ခန်းလျှင် အမေရိကန်ဒေါ်လာ (၅၀)၊ Junior Suite Room (၁)ခန်းလျှင် အမေရိကန်ဒေါ်လာ (၇၀)၊ Executive Suite Room (၁)ခန်းလျှင် အမေရိကန်ဒေါ်လာ (၁၀၀)စသည်ဖြင့် နှုန်းထားများသတ်မှတ်ထားသဖြင့် ငှားရမ်းခနှုန်းထားများနှင့် အသုံးပြုမည့် ပစ္စည်းများ၊ ပေးအပ်မည့် ဝန်ဆောင်မှုများလည်းလျော်ကန် သင့်တင့်ရန် လိုအပ်ပါကြောင်း။

(၂) Graceful Bamar Co., Ltd မှ ဆောင်ရွက်မည့် ဟိုတယ်လုပ်ငန်းအတွက် ပြည်ပမှတင်သွင်းမည့် တည်ဆောက်ရေးပစ္စည်းများ၊ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အခွန်သက်သာခွင့်မှာ ကော်မရှင် အဆုံးအဖြတ်သာ ရယူရမည်ဖြစ်ပါကြောင်း။

(၃) ဟိုတယ်တည်ဆောက်ခွင့်နှင့် ဟိုတယ်အဆောက်အဦ ဆောက်လုပ်ခြင်းများ အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ယဥ်ကျေးမှုဝန်ကြီးဌာနတို့၏ ခွင့်ပြုချက် လိုအပ်ပါကြောင်း။

(၄) ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ရရှိပြီးပါက မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေနှင့်အညီ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ကို ဌာနသို့ ဆက်လက်လျှောက်ထား ရယူသွားရန် လိုအပ်ပါကြောင်း။

(ဃ) **ယဉ်ကျေးမှုဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ဃ)**

(၁) Graceful Bamar Co., Ltd. က ငှားရမ်း၍ဟိုတယ်လုပ်ငန်းဆောင်ရွက် မြေနေရာသည် ဟိုတယ်ဇုန်(၄)ခုအတွင်းတည်ရှိပြီး ယဉ်ကျေးမှု အမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ(၄)အရ သတ်မှတ်ထားသော ပုဂံ ယဉ်ကျေးမှု အမွေအနှစ် ဒေသဇုန်များနှင့် ကင်းလွတ်သည်ကို စိစစ်တွေ့ရှိ ရပါ ကြောင်း။

၉။ ကျပ်ငွေ အထောက်အထားအဖြစ် မန်နေးဂျင်း ဒါရိုက်တာ ဦးအောင်မိုးကြည် အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် (၁၆-၁-၂၀၁၄)ရက်စွဲဖြင့် ကျပ် (၅.၃)သန်း၊ ဒါရိုက်တာ ဒေါ်တင်ပပမြင့် အမည်ဖြင့် KBZ Bank (လှိုင်ဘဏ်ခွဲ)တွင် (၁၀-၄-၂၀၁၄) ရက်စွဲဖြင့် ကျပ် (၉.၆၃)သန်း၊ ဒါရိုက်တာ ဦးနိုင်ဝင်းအောင် အမည်ဖြင့် KBZ Bank တွင် (၁၄-၂-၂၀၁၄) ရက်စွဲဖြင့် ကျပ်(၂.၄၇) သန်း၊ ဒါရိုက်တာ ဦးမင်းနိုင်ထွန်း အမည် ဖြင့် KBZ Bank (လှည်းတန်း)တွင် (၁၄-၂-၂၀၁၄) ရက်စွဲဖြင့် ကျပ်(၀.၇၇)သန်း နှင့် ဒါရိုက်တာ ဦးမင်းနိုင်ဦးအမည်ဖြင့် KBZ Bank (TGKN)တွင် (၅-၉-၂၀၁၄) ရက်စွဲဖြင့် ကျပ် (၁၀၃) သန်း ရှိကြောင်း ဖော်ပြထားပါသည်။ ချေးငွေအဖြစ် မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မိုးကြည်နှင့် ဒါရိုက်တာ ဒေါ်တင်ပပမြင့် အမည်ဖြင့် ကမ္ဘောဇဘဏ် (လှိုင် ဘဏ်ခွဲ) တွင် ချေးငွေကျပ်(၇၀၀)သန်း ချေးယူထားကြောင်း တင်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိပါကြောင်း၊ လုပ်ငန်းအသစ်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ မီးဘေးကြိုတင် ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စွန့်ပစ်သွားမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပမှ ဝယ်ယူမည့် စက်ပစ္စည်းများသည် အသစ်များဖြစ်ပါကြောင်း ကုမ္ပဏီမှ ဝန်ခံကတိပြုထားပါသည်။

၁၁။ လုပ်ငန်းခွင် သာယာရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝန်ထမ်းများကို အကြို/အပို့ မော်တော်ယာဉ်များလည်း စီစဉ်ပေးထားခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် သန့်စင်ခန်းများ အမှိုက်ပုံးများထားရှိခြင်း၊ ဟိုတယ်ပတ်ဝန်းကျင် သန့်ရှင်းမှု ရှိစေရန်အတွက်ရေနုတ် မြောင်းများကို တည်ဆောက်၍ သန့်ရှင်းစင်ကြယ်မှု ရှိစေရန်ဆောင်ရွက်ပေးခြင်းနှင့်ဟိုတယ် အထပ်များတွင် လေဝင်လေထွက် ကောင်းစေရန် စီမံဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၂။ လုပ်ငန်းဆောင်ရွက်ရာတွင် လျှပ်စစ်ဓါတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းမှရယူ၍ ၃၀၀၀၀၀ kWh သုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ ကုမ္ပဏီမှ CSR (Corporate Social Responsibility)အတွက် Net Profit ၏ ၂% ကို သုံးစွဲရန်လျာထားပါကြောင်း တင်ပြထားပါသည်။

၁၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)၊ပုဒ်မ ၂၀ပါ(က၊ဂ၊စ၊ဆ၊ဈ၊ည)အရ အခွန် အကောက်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၅။ Graceful Bamar Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦး မြို့နယ်၊ ဂန့်ဂါကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၅၈)၊ ဂင်္ဂါအနောက်၊ ဦးပိုင်အမှတ် C-၁၇၊ C-၁၈၊ C-၁၉၊ C-၂၀ ရှိ မြေဧရိယာ (၃.၆၇၂)ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ (၃၆)ခန်းပါ ဘန်ဂလို (၉)လုံး၊ (၄၄)ခန်းပါ သုံးထပ် အဆောက်အဦ (၁)လုံး၊ Lobby & Dining အဆောက်အဦ (၁)လုံး တည်ဆောက်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းကိစ္စအပေါ် ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ - မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

နောက်ဆက်တွဲ-က

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မန္တလေးမြို့

စာအမှတ်၊ ၂/ ၄ - ၉ /၂ ဦး ၆ (၁၇၃)
ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ မတ်လ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံလာသည့်ကိစ္စ**

အကြောင်းအရာ။ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅.၁၂.၂၀၁၄)ရက်စွဲပါစာအမှတ်၊ ရက-၄၊ မ-၁၄၆၂/၂၀၁၄(၄၆၃)

၁။ Graceful Bamar Co.,Ltdက မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ဂန့်ဂါအနောက်ကွင်းအမှတ်(၁၅၅၈)၊ ဦးပိုင်အမှတ်၊ (C-17၊C-18၊C-19၊C-20)ရှိ မြေဧရိယာ(၃.၆၇၂)ဧကကိုငှားရမ်းကာ နိုင်ငံတကာအဆင့်မီ (၃၆)ခန်းပါ ဘန်ဂလို(၉)လုံး၊ (၄၄)ခန်းပါ သုံးထပ်အဆောက်အအုံ(၁)လုံး၊ Lobby& Dinning အဆောက်အအုံ(၁)လုံး တည်ဆောက်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မိုးကြည်(အဘ-ဦးလှကြည်)က အဆိုပြုတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါ၊

(ခ) မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်၊

(ဂ) ဖော်ပြပါမြေနေရာအား လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအရ လက်ခံနိုင်ခြင်းရှိပါသည်၊

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့်နေရာဖြစ်ပါသည်၊

(င) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်(MZ)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်(AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ)များအတွင်း ကျရောက်ခြင်းမရှိပါ၊

D/ h.s.h19

၃။ သို့ဖြစ်ပါ၍ ဦးအောင်မိုးကြည်(အဘ-ဦးလှကြည်)မှ နိုင်ငံတကာအဆင့်မီဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းအား (၂၀.၂.၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ်(၉၇)အရ ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

(ရဲမြင့်)
ဝန်ကြီးချုပ်

မိတ္တူကို
လှည့်လည်စာတွဲ ၊
ရုံးလက်ခံ ။

နောက်ဆက်တွဲ-ခ

VM3-629
18/12

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

NOT-3880
17.12.14

စာအမှတ် ၂/၂၂၀(ခ)(၆)/(၉၃၁၅ /၂၀၁၄)
ရက်စွဲ ၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ ၁၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်ကြားခြင်း</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၁၂ -၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၄/မ-၁၄၆၂/၂၀၁၄ (၄၆၄)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Graceful Bamar Co., Ltd သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ဂန့်ဂါရပ်ကွက်၊ ဂင်္ဂါအနောက်၊ ကွင်းအမှတ် (၁၅၅၈)၊ ဦးပိုင်အမှတ် C-၁၇၊ C-၁၈၊ C-၁၉၊ C-၂၀ရှိ မြေဧရိယာ (၃.၆၇၂) ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ (၃၆)ခန်းပါ ဘန်ဂလို (၉) လုံး၊ (၄၄)ခန်းပါ သုံးထပ်အဆောက်အဦ (၁) လုံး၊ Lobby & Dinning အဆောက်အဦ (၁) လုံးတည်ဆောက်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့် အဆိုပြုလွှာတွင် တည်ဆောက်ရေးကာလမှာ (၁)နှစ်ဖြစ်ပါကြောင်း၊ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရာတွင် ဟိုတယ်အခန်း အရေအတွက်မှာ (၈၀)ခန်း နှင့် အစည်းအဝေး ခန်းမ(၁)ခန်း ပါရှိမည်ဖြစ်ပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်အဆိုပြုချက်၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုမည့်ပစ္စည်းစာရင်း၊ ဝန်ထမ်းအင်အား၊ လူမှုရေးဆိုင်ရာ တာဝန်ခံမှု (Corporate Social Responsibility - CSR) အတွက် ကုမ္ပဏီ၏ အသားတင် အမြတ်ငွေထဲမှ (၂%)အား ထည့်ဝင်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ထို့အပြင် မီးဘေးကာကွယ်မှု အစီအစဉ်များ ၊ ဝန်ထမ်းများ သက်သာချောင်ချိရေး အစီအစဉ်များ စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်စပ်လျဉ်း၍ ခြံစည်းရိုးပတ်လည်တွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ကွန်ကရစ်ရေမြောင်းများထားရှိခြင်း၊ အနံ့စုပ်စက်များတပ်ဆင်ခြင်း၊ အမှိုက်များကို စည်ပင်သာယာမှ ထားရှိသော အမှိုက်ပုံးများသို့ စနစ်တကျ စွန့်ပစ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ အဆိုပါဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြေသားများ ပြုပြင်ဖော်ထုတ်ခြင်းကြောင့် ထွက်ရှိလာသည့် အမှုန်အမွှားများ၊ ဖုန်မှုန့်များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊ လုပ်ငန်းသုံးစက် နှင့် ယာဉ်ယန္တရားများ၏ ဆူညံသံများကြောင့် အသံညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ Graceful Bamar Co., Ltd မှ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း နှင့်ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) ဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်းကို Eco-Friendly အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်ရန် နည်းလမ်းများပါဝင်သည့် စီမံကိန်းများနှင့်အစီအမံများ ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊

(ခ) မိလ္လာအညစ်အကြေး စွန့်ထုတ်မှု လုပ်ငန်းစနစ်များ ၊ အညစ်အကြေး သန့်စင်မှု လုပ်ငန်း စနစ်များ၊ ရေဆိုးပြန်လည်သန့်စင်မှုလုပ်ငန်းစနစ်များ၊ အစိုင်အခဲစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု ၊ ရေရယူအသုံးပြုမှု နှင့် ရေစီမံခန့်ခွဲမှုစနစ်များ၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် အသံဆူညံမှုကာကွယ်ရေးစီမံချက်များ၊ စွမ်းအင် ပြန်လည် အသုံးပြု ထိန်းသိမ်းရေးစနစ်များ ထည့်သွင်းရေးဆွဲဆောင်ရွက်ရန်၊

(ဂ) အဆိုပြုလုပ်ငန်းရှိ ခြံ၊ မြေ၊ အဆောက်အအုံ၊ မိလ္လာပိုက်၊ ရေဆိုးစွန့်ထုတ်သည့် ပိုက်များအတွင်းမှ အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အညစ်အကြေး သို့မဟုတ် အနံ့ဆိုးထွက်စေသောအရာကို စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရန်၊

(ဃ) လုပ်ငန်းများမှ ထွက်ရှိသော ရေဆိုးများကို ရေနုတ်မြောင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် (သို့) ကန်အတွင်းသို့ စည်ပင်သာယာရေးကော်မတီ နည်းဥပဒေမှ သတ်မှတ်ထားသော စံချိန်စံညွှန်းအထိ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(င) ဝန်ဆောင်မှုလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား လျှော့နည်းသည်ထက် လျှော့နည်းအောင် လျှော့ချသော နည်းလမ်း (Reduce)၊ စွန့်ပစ်လိုက်သည့် အမှိုက်များမှ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည်အသုံးပြုသောနည်းလမ်း (Reuse) နှင့် ပြန်လည်ပြုပြင်အသုံးပြု၍ရသည့်ပစ္စည်းများအား မူလပုံစံအတိုင်း သို့မဟုတ် နောက်ထပ်ပစ္စည်းပုံစံ အသစ်တစ်မျိုးအဖြစ် ပြန်လည်ပြုပြင်သုံးစွဲသော နည်းလမ်း (Recycle)များ အသုံးပြု၍ နေ့စဉ်ထွက်ရှိနေသည့် အမှိုက်ပမာဏ လျှော့နည်းလာစေရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(စ) စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့်ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျှော့နည်းစေရန်အတွက် လုပ်ငန်းတစ်ခုချင်းစီအလိုက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းနှင့်အစီအမံများ ထည့်သွင်းဆောင်ရွက်ရန်၊

(ဆ) ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်မှုမရှိစေရေး(သို့မဟုတ်) ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment- EIA) ဆောင်ရွက်ပြီး အစီရင်ခံစာတင်ပြရန်၊

(ဇ) ဆောင်ရွက်ရရှိသည့် အစီရင်ခံစာအရ စောင့်ကြပ်ကြည့်ရှု စစ်ဆေးသည့် စနစ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေနှင့် ဝန်ဆောင်မှုလုပ်ငန်းအစီအမံများပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP) များ ရေးဆွဲတင်ပြရန် နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဈ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ည) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန်။

(signature) ၁၅/၇

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးညွှန့် ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ သစ်တောဦးစီးဌာန

နောက်ဆက်တွဲ-ဂ

ဟိုတယ်/ခရီးသွားဌာန

VM3-627
18/12

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊ ၁၈ဂ ၂၀၁၄/(၂)/ နပတ (၅ဂ၆၅)

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။

PR,3398
17,12,14

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅-၁၂-၂၀၁၄) ရက်စွဲပါ စာအမှတ် ရက- ၄/မ-၁၄၆၂/၂၀၁၄(၄၆၅)

၁။ Graceful Bamar Co.,Ltd သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ဂင်္ဂါအနောက်၊ကွင်းအမှတ်(၁၅၅၈)၊ဦးပိုင်အမှတ် C-၁၇၊ C -၁၈၊ C -၁၉၊ C -၂၀ ရှိ မြေဧရိယာ (၃.၆၇၂) ဧက ပေါ်တွင်နိုင်ငံတကာအဆင့်မီအခန်း (၃၆)ခန်းပါဘန်ဂလို(၉)လုံး၊ (၄၄)ခန်းပါ(၃) ထပ် အဆောက်အဦနှင့် Lobby&Dinning အဆောက်အဦ (၁)လုံးပါ ဟိုတယ်လုပ်ငန်းကိုမြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မိုးကြည်(အဘ-ဦးလှကြည်)မှအဆိုပြုတင်ပြလာခြင်းအပေါ် သဘောထားမှတ် ချက်ပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ယခုတင်ပြလာသည့် ဟိုတယ်တည်ဆောက်မည့် နေရာသည် ညောင်ဦးမြို့နယ်၊ ဟိုတယ်ဇုံအမှတ်(၄)တွင် ပါရှိကြောင်းဖော်ပြထားပြီး၊ ဟိုတယ်တည်ဆောက်သောမြေနေရာသည် ညောင်ဦးမှ ချောက်သို့သွားရာမော်တော်ကားလမ်း၏အရှေ့ဘက်အခြမ်းတွင် တည်ရှိခြင်းကြောင့် ယင်းနေရာသည် မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲမှုဖြင့် ချထားပေးသော ဟိုတယ်တည်ဆောက်ရန် နေရာများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များအပါအဝင် နိုင်ငံခြားသားဧည့်သည်များတိုးတက်ဝင်ရောက်လာခြင်း၊ ခရီးစဉ်ဒေသအသီးသီးကိုလည်း တိုးတက်လည်ပတ်ခြင်းနှင့်အနာဂတ်ကာလမျှော်မှန်းချက်အရခရီးသည်ပိုမိုရောက်ရှိမည်ဖြစ်သဖြင့်ယင်းခရီးသည်များအတွက်

နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့် အခန်းများ လုံလောက်စွာရှိရန် လိုအပ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တည်ဆောက်ခြင်းသည် ခရီးသွားလုပ်ငန်းကိုအထောက်အကူပြုသော လုပ်ငန်းစီမံကိန်းဖြစ်ပါ၍ တည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်းများအရလည်းကောင်း သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ဌာနအသီးသီး၏သဘောထားခွင့်ပြုချက်များအရလည်းကောင်းညီညွတ်စွာဆောင်ရွက်ခြင်းကို ခွင့်ပြုသင့်ပါသည်။

၄။ ဤဝန်ကြီးဌာနအနေနှင့်ကုမ္ပဏီမှတင်ပြထားသော ဝန်ဆောင်ခနှုန်းထားများနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က)အခန်းခနှုန်းထားများတွင် Standard Room (၁)ခန်းလျှင်အမေရိကန်ဒေါ်လာ (၅၀)၊ Junior Suite Room (၁)ခန်းလျှင် အမေရိကန်ဒေါ်လာ (၇၀)၊ Executive Suite Room (၁)ခန်းလျှင် အမေရိကန်ဒေါ်လာ(၁၀၀)စသည်ဖြစ်နှုန်းများသက်မှတ်ထားသဖြင့်ငှားရမ်းခနှုန်းထားများနှင့်အသုံးပြုမည့်ပစ္စည်းများ၊ ပေးအပ်မည့် ဝန်ဆောင်မှုများလည်းလျော်ကန်သင့်တင့်ရန်လိုအပ်ပါသည်။

(ခ)Graceful Bamar Co.,Ltd မှ ဆောင်ရွက်မည့် ဟိုတယ်လုပ်ငန်းအတွက် ပြည်ပမှတင်သွင်းမည့်တည်ဆောက်ရေးပစ္စည်းများ၊ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အခွန်သက်သာခွင့်မှာကော်မရှင်၏အဆုံးအဖြတ်သာ ရယူရမည်ဖြစ်ပါသည်။

(ဂ)ဟိုတယ်တည်ဆောက်ခွင့်နှင့် ဟိုတယ်အဆောက်အဦ ဆောက်လုပ်ခြင်းများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ခွင့်ပြုချက် လိုအပ်ပါသည်။

(ဃ)ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ရရှိပြီးပါက မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေနှင့်အညီဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ကိုဤဝန်ကြီးဌာနသို့ဆက်လက်လျှောက်ထားရယူသွားရန်လိုအပ်ပါသည်။

၂၉.၁၂.၂၀၁၄
(ဦးဌေးအောင်)
ပြည်ထောင်စုဝန်ကြီး

မိတ္တူကို

ရုံးလက်ခံ

မျှော

နောက်ဆက်တွဲ-ဃ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၂/၃ - ၄ / ၂၀၁၄ (၉)
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅.၁၂.၂၀၁၄)ရက်စွဲပါစာအမှတ်၊ ရက-၄/မ-၁၄၆၂/၂၀၁၄(၄၆၆)

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂေါရပ်ကွက်၊ ဂင်္ဂါအနောက်၊ ကွင်းအမှတ်(၁၅၅၈)၊ ဦးပိုင်အမှတ် C-၁၇၊ C-၁၈၊ C-၁၉၊ C-၂၀ ရှိ မြေဧရိယာ (၃.၆၇၂)ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ (၃၆)ခန်းပါ ဘန်ဂလို(၉)လုံး၊ (၄၄)ခန်းပါ သုံးထပ်အဆောက်အဦ(၁)လုံး၊ Lobby & Dinning အဆောက်အဦ(၁)လုံး တည်ဆောက်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်နှီးမြှပ်နှံသူ ဦးအောင်မိုးကြည် (အဘ-ဦးလှကြည်)၏ အဆိုပြုချက် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှမ်နှံမှုကော်မရှင်က ရည်ညွှန်းပါစာဖြင့် ဤဝန်ကြီးဌာနသို့ ညှိနှိုင်းလာပါသည်။

၂။ အဆိုပြု တင်ပြချက်၌ပါရှိသော ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် မြေနေရာသည် ဟိုတယ်ဇုန် (၄)အတွင်း ကျရောက်တည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ကန့်သတ်ထားရှိသည့် ဇုန်များနှင့် လွတ်ကင်းမှုရှိပါကြောင်းနှင့် ရင်နှီးမြှပ်နှံသူ ဦးအောင်မိုးကြည် အနေဖြင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ပုံစံဖြင့် တင်ပြလျှောက်ထား ဆောင်ရွက်သွားရန် ပြန်ကြားအပ်ပါသည်။

၃၁/၁၂/၂၀၁၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(အောင်နိုင်မြင့် - ရုံးအဖွဲ့မှူး)

မိတ္တူကို
ဒေါ်စန္ဒာခင်၊ ဒုတိယဝန်ကြီး
ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ဦးအောင်မိုးကြည်၊ Managing Director, Graceful Bamar Co.,Ltd
(ဖုန်း - ၀၉၅၁၇၄၄၈၇၊ ၀၁ - ၅၃၀၄၇၆)

GRACEFUL BAMAR COMPANY LIMITED

Building (41/A), Room No.(304), Sabai Street, Tharyar Gone Quarter, Mingalar Taung Nyunt Township, Yangon.
09-5174487, 01-530476

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ ။ ၂၀၁၄၊ နိုဝင်ဘာ လ၊ ၂၇ ရက်။

အကြောင်းအရာ။ ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များတင်ပြခြင်း။**

လေးစားရပါသော လူကြီးမင်းများခင်ဗျား။ ။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့၏ GRACEFUL BAMAR CO., LTD သည် အောက်တိုဘာလ (၂၄)ရက်၊ ၂၀၁၃ ခုနှစ်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၃၅၉၂/ ၂၀၁၃-၂၀၁၄/ ၂၄-၁၀-၂၀၁၃ နေ့ဖြင့် ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြေကွက်အမှတ်(စီ-၁၇၊ ၁၈၊ ၁၉၊ ၂၀)၊ ဂန့်ဂါရပ်ကွက်၊ ပုဂံမြို့သစ်၊ ဟိုတယ်ဇုန်အမှတ်(၄)၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ဆဲဖြစ်သောအဆောက်အအုံ (သုံးထပ်ဟိုတယ်အဆောက်အအုံတစ်လုံး (၁၃၅ပေ × ၅၅ပေ)၊ ဘန်ဂလို (၉)လုံး (တစ်လုံးလျှင် ၅၃ပေ × ၅၃ပေ)၊ Lobby & Dinning အဆောက်အအုံတစ်လုံး (၇၆ပေ× ၁၃၃ပေ) အကျယ်အဝန်းများဖြင့် ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ရရှိနိုင်ရန် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့အဆိုပြုလွှာများကိုပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ကမကထပြုလုပ်သူ၏ဆောင်ရွက်ရန်အဆိုပြုချက်၊ နောက်ဆက်တွဲဇယား (၁)
(၂) ဒါရိုက်တာအဖွဲ့စာရင်း၊ နောက်ဆက်တွဲဇယား (၂)
(၃) ရင်းနှီးမြှုပ်နှံမှုဇယား၊ နောက်ဆက်တွဲဇယား (၃)
(၄) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှုဇယားများ၊နောက်ဆက်တွဲဇယား(၄)
(၅) ဘဏ်ရင်းတမ်း (ငွေရေးကြေးရေးအထောက်အထားများ)၊နောက်ဆက်တွဲဇယား(၅)
(၆) ဟိုတယ်မြေနေရာတည်ရှိမှု မြေပုံနှင့် မြေရာဇဝင်များ၊ နောက်ဆက်တွဲဇယား(၆)
(၇) ဟိုတယ်ဓါတ်ပုံများ၊ နောက်ဆက်တွဲဇယား(၇)
(၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေးစီမံချက်အစီအစဉ်၊နောက်ဆက်တွဲဇယား(၈)
(၉) လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းများသက်သာချောင်ချိရေးစီမံချက်၊နောက်ဆက်တွဲဇယား(၉)
(၁၀) မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ နောက်ဆက်တွဲဇယား(၁၀)
(၁၁) **C.S.R** နှင့်ပတ်သက်၍ ဝန်ခံကတိပြုတင်ပြခြင်း၊ နောက်ဆက်တွဲဇယား (၁၁)
(၁၂) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းများ၏စာရင်း၊ နောက်ဆက်တွဲဇယား(၁၂)
(၁၃) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ပုံစံ ၆/၂၆ မိတ္တူ၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၊ နောက်ဆက်တွဲဇယား (၁၃)

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

AUNG MOE KYI
MANAGING DIRECTOR

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ-၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်

[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ဂ]

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊ CMP/MIC

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ လ၊ ရက်

ကျွန်တော်/ ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါ အချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ -

(က) အမည် ဦးအောင်မိုးကြည် (မန်နေးဂျင်းဒါရိုက်တာ) GRACEFUL BAMAR CO., LTD

(ခ) အဖအမည် ဦးလုကြည်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၀၉၇၄၀၁

(ဃ) နေရပ်လိပ်စာ အမှတ် (၂၇၀/ဘီ)၊ ယုဇနလမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(င) လူမျိုး၊ဘာသာ မြန်မာ/ဗုဒ္ဓ

(စ) အဖွဲ့အစည်းအမည် ကျက်သရေရှိသောဗမာ ကုမ္ပဏီလီမိတက် (GRACEFUL BAMAR CO., LTD)

(ဆ) လုပ်ငန်းအမျိုးအစား ဟိုတယ်လုပ်ငန်း

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် အကွက်အမှတ် (စီ-၁၇၊၁၈၊၁၉၊၂၀)၊ ဂန့်ဂေါရပ်ကွက်၊ ပုဂံမြို့သစ်၊ ဟိုတယ်ဇုန်အမှတ် (၄)၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏ –

(က) အမည် (၁) .... (၂) ....

....

....

(ခ) အဖအမည် (၁) .... (၂) ....

....

....

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်

(၁) .... (၂) ....

(ဃ) နေရပ်လိပ်စာ (၁) .... (၂) ....

....

....

(င) လူမျိုး၊ ဘာသာ (၁) .... (၂) ....

....

....

(စ) အဖွဲ့အစည်းအမည် ....

(ဆ) လုပ်ငန်းအမျိုးအစား ....

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် ....

....

....

(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ခု ထက်ပိုပါက သီးခြားစာရွက်တွင် ဖော်ပြ ပူးတွဲရန်)

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား–

(က) ကုန်ထုတ်လုပ်မှု လုပ်ငန်း ......ဟိုတယ်လုပ်ငန်း......

(ခ) ဝန်ဆောင်မှုလုပ်ငန်း ....

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားကို ဖော်ပြရန်)

၄။ လုပ်ကိုင်မည့် စီးပွားရေးပုံစံ–

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဍာန်–

(က) တစ်ဦးတည်းပိုင် ....

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း ....

(ဂ) လီမိတက်ကုမ္ပဏီ ကျက်သရေရှိသော ဗမာ ကုမ္ပဏီလီမိတက်(အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ)

(ဃ) သမဝါယမအသင်း ....

(အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟု ဖော်ပြ၍ ထည့်ဝင်မည့်မတည်ငွေရင်းအချိုးအစား၊ စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့်သူများ၏ အမည်၊ နေရပ်လိပ်စာများနှင့် ရာထူးတို့ကို ပူးတွဲတင်ပြရန်) နောက်ဆက်တွဲဇယား – ၂ တွက်ချက်မှုဇယား – ၁

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက–

(က) အစုအစပ်တို့က ထည့်ဝင်မည့် အစုငွေအချိုးအစားနှင့် ပမာဏ

....

(ခ) အကျိုးအမြတ်ခွဲဝေမည့် အချိုးအစား

....

(ဂ) အစုဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

....

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့် ဖော်ပြရန်)။

၇။ သမဝါယမအသင်း/လီမိတက်ကုမ္ပဏီ ဖြစ်ပါက–

(က) ခွင့်ပြုမတည်ငွေရင်း .... သန်းငါးသောင်းကျပ်တိတိ (၅၀,၀၀၀,၀၀၀,၀၀၀)

(ခ) အစုရှယ်ယာ အမျိုးအစား .... သာမန်

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့်အစုရှယ်ယာပမာဏ ၅၀၀,၀၀၀

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ–

(က) မတည်ငွေရင်းပမာဏ (ကျပ်) ကျပ်

(၁) ငွေပမာဏ ၁၉၃,၃၃၁,၉၃၄/–

(နိုင်ငံခြား မတည်ငွေ ပါဝင်ပါက သီးခြားဖော်ပြရန်)

(၂) စက်ပစ္စည်းကိရိယာများ တန်ဖိုးပမာဏ ၈၀၅,၆၆၈,၀၆၆/–

(အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်)

(၃) အဆောက်အအုံများ/မြေ .... မြေတန်ဖိုး– ၂၄၅,၀၀၀,၀၀၀/–
အဆောက်အအုံ– ၇၈၉,၁၁၇,၂၅၃/–

(၄) ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ

တန်ဖိုးပမာဏ ....

(အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်)

(၅) ကုန်ကြမ်းပစ္စည်း တန်ဖိုးပမာဏ ....

(အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်)

စုစုပေါင်း ၂,၀၃၃,၁၁၇,၂၅၃/–

(ခ) နိုင်ငံခြားမှ တင်သွင်းရန် လိုအပ်သည့်

	ကျပ်	အမေရိကန်ဒေါ်လာ
(၁) စက်ပစ္စည်းများ၊ စက်ကိရိယာများ စသည့်ပစ္စည်းတို့၏ တန်ဖိုးပမာဏ (အသေးစိတ်စာရင်းပူးတွဲတင်ပြရန်)	....	....
(၂) ကုန်ကြမ်းပစ္စည်းများနှင့်အခြား အလားတူပစ္စည်းများ၏ တန်ဖိုး (အသေးစိတ်စာရင်းပူးတွဲတင်ပြရန်)	....	....
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ	....	....

(ဂ) တည်ဆောက်မှုကာလ .... ၁ နှစ်

(ဃ) ပဏာမ စူးစမ်းလေ့လာမှု ပြုလုပ်မည့်ကာလ ....

(င) တည်ဆောက်မှုစတင်မည့်အချိန် .... တည်ဆောက်နေဆဲကာလ

၉။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား ဟိုတယ်လုပ်ငန်း

(ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုစသည့်ဖြင့် ဖော်ပြရန်)

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသများ အကွက်အမှတ် (စီ–၁၇၊၁၈၊၁၉၊၂၀)၊ ဂန့်ဂေါရပ်ကွက်၊ ပုဂံမြို့သစ်၊ ဟိုတယ်ဇုန်အမှတ် (၄)၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဂ) ဆောင်ရွက်ပုံနည်းစနစ် –

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက်–

	အမျိုးအစား	အရေအတွက်
၁။	ဒီဇယ်	၇၀၀၀ ဂါလံ
၂။		
၃။		

(င) နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်–

	အားအသုံးပြုမှု	မြင်းကောင်ရေ
၁။	လျှပ်စစ်ဓာတ်အား	၃၀၀၀၀၀ KWhr
၂။	ဓာတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား	၅၁၅ KVA
၃။	ဘွိုင်လာ အသုံးပြုအင်ဂျင်စက်အား	–
၄။	သဘာဝဓာတ်ငွေ့သုံးစက်အား	–
၅။	ပေးပို့သည့်အခြားအား (ရေအား/လေအား စသည်များ)	–

(စ) နှစ်စဉ် ရေလိုအပ်ချက် ၉၀၀၀၀၀ လီတာ

(နေ့စဉ်ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်)

(ဆ) နှစ်စဉ် လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက်-

	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
၁။ အဓိက ကုန်ကြမ်း				
(၁)	....	....	....	....
(၂)	....	....	....	....
၂။ အထောက်အကူကုန်ကြမ်း				
(၁)	....	....	....	....
(၂)	....	....	....	....
၃။ စက်သုံးဆီ/ဓာတ်ငွေ့များ-				
(၁)	ဒီဇယ်	ဂါလံ	၇၀၀၀	ကျပ် ၂၈,၀၀၀,၀၀၀/-
(၂)	....	....	....	....

(ဇ) အဆောက်အအုံ လိုအပ်ချက် ဘန်ဂလို (၉)လုံး၊ (၃) ထပ်အဆောက်အအုံ (၁)လုံး၊ ညှိခန်းနှင့် ထမင်းစားခန်း(၁)၊

(ဈ) မြေနေရာအမျိုးအစားနှင့် အကျယ်အဝန်းလိုအပ်ချက် မြေကွက်အမှတ်-(စီ-၁၇၊၁၈၊၁၉၊၂၀)၊ စုစုပေါင်း ၃.၆၇၂၈ဧက၊ တစ်ကွက်လျှင် ၀.၉၁၈ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့် ကုန်ပစ္စည်း/ဆောင်ရွက်မည့်ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
တွက်ချက်မှုဇယား-၃/၆	....	....	....
....	....	....	....
....	....	....	....
....	....	....	....

(ဋ) ရောင်းချမည့်နည်းစနစ် ....

၁၀။ နှစ်စဉ်ကုန်ထုတ်လုပ်မှု/ ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ−

	ခန့်မှန်းခြေ	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့် ကျပ်ငွေ	တွက်ချက်မှုဇယား−၇	....
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ		....
(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ		....
(ဃ) ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ ဝန်ဆောင်မှုတန်ဖိုးပမာဏ	....	....
(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ ဝန်ဆောင်မှုတန်ဖိုးပမာဏ	တွက်ချက်မှုဇယား−၃၊၆	....

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့်အမှုထမ်းများစာရင်း−

(က) ပြည်တွင်းမှလိုအပ်မည့်အမှုထမ်းများ−

အမှုထမ်းအမျိုးအစား	ဦးရေ
တွက်ချက်မှုဇယား−၅	....
....	....
....	....
....	....
....	....

(ခ) နိုင်ငံခြားမှ လိုအပ်မည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ

ကျွမ်းကျင်မှုအမျိုးအစား	ဦးရေ	ခန့်ထားမည့်အချိန်ကာလ
တွက်ချက်မှုဇယား-၅	....	....
....	....	....
....	....	....

၁၂။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ-

	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) နှစ်စဉ်ဝင်ငွေရရှိမှု	တွက်ချက်မှုဇယား-၆	....
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	တွက်ချက်မှုဇယား-၆	....
(ဂ) နှစ်စဉ်အသားတင်အမြတ်	တွက်ချက်မှုဇယား-၆	....
(ဃ) နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု	တွက်ချက်မှုဇယား-၇	....
(င) အရင်းကျေကာလ	တွက်ချက်မှုဇယား-၈	....
(စ) အခြားအကျိုးအမြတ်များ	တွက်ချက်မှုဇယား-၉၊၁၀၊၁၁	....

(ဆ) အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် ....

အခြေအနေ ....

....

၉

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အောက်ဖော်ပြပါအထောက်အထားများကိုပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်နှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊

(ဂ) လက်ရှိဖွဲ့စည်းပြီးအဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်း မရှိသေးပါက သင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း၊

(ဃ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အခြေအနေအထောက်အထားများ။

လက်မှတ်၊ ....

အမည်၊ ဦးအောင်မိုးကြည်

ရာထူး၊ ၁၃/တကန(နိုင်)၀၉၇၄၀၁

(လျှောက်ထားသူ)

GRACEFUL BAMAR COMPANY LIMITED

Building (41/A), Room No.(304), Sabai Street, Tharyar Gone Quarter, Mingalar Taung Nyunt Township, Yangon.
09-5174487, 01-530476

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ ။ ၂၀၁၄၊ လ၊ ရက်။

အကြောင်းအရာ။ **။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံတကာအဆင့်မီ Bungalow Type and Three Storey Building ဟိုတယ်တည်ဆောက်၍ လုပ်ငန်းဆောင်ရွက်ခြင်း အတွက် ကတိဝန်ခံချက် တင်ပြခြင်း။**

၁။ အထက်ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကျွန်တော်များ Graceful Bamar Co., Ltd သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံတကာအဆင့်မီ ဟိုတယ်တည်ဆောက်၍ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျွန်တော်များဟိုတယ်တည်ဆောက်သည့်မြေနေရာမှာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ပုဂံမြို့သစ်၊ ဟိုတယ်ဇုန်အမှတ် (၄)၊ အကွက်အမှတ် (C-17,18,19,20)၊ မြေဧရိယာ (၃.၆၇၂) ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ Bungalow Type (၉)လုံး(၃၆) ခန်း၊ Three Storey Building (၁)လုံး(၄၄)ခန်းပါဝင်ပါသည်။ သို့ပါ၍မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခြင်းဖြစ်ပါသည်။ ထိုသို့ လျှောက်ထားရာတွင်အောက်ပါအတိုင်း ဝန်ခံကတိပြုပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ (၁၀၀ %)ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။
(ခ) ဤလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။
(ဂ) နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုလိုက်နာဆောင်ရွက်ပါမည်ဟုကတိပြုပါသည်။
(ဃ) ကျွန်တော်များကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရေးအတွက် လိုအပ်သောအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုများပြုလုပ်ဆောင်ရွက်ထားမည် ဖြစ်ပါကြောင်းနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်ဟုဝန်ခံ ကတိပြုပါသည်။

(င) ဟိုတယ်အခန်းခရငွေများနိုင်ငံခြားငွေဖြင့်ရရှိလာပါကနိုင်ငံတော်မှခွင့်ပြုထားသော MFTB/ MICB ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(စ) မီးဘေးကြိုတင်ကာကွယ်မှုအတွက် အစီအမံများပြုလုပ်သွားမည်ဟုဝန်ခံကတိပြုပါသည်။

(ဆ) Graceful Bamar Co.,Ltd အနေဖြင့်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်မှတ်ပုံတင်ရယူမည်ဖြစ်ပြီးစည်းမျဉ်းစည်းကမ်းများကို လိုက်နာပါမည်ဟုဝန်ခံကတိပြုပါသည်။

(ဇ) Graceful BamarCo.,Ltdအနေဖြင့်ပြည်ပမှဝယ်ယူတင်သွင်းမည့်လုပ်ငန်းသုံးပစ္စည်းများသည် အသစ်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(ဈ) Graveful Bamar Co.,Ltd သည်အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ထိန်းသိမ်းသွားနိုင်ရေး အတွက်သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းအသီးသီးမှ ညွှန်ကြားချက်များကိုသိရှိလိုက်နာဆောင်ရွက်မည်ဟု ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

AUNG MOE KYI
MANAGING DIRECTOR
GRACEFUL BAMAR CO., LTD.

GRACEFUL BAMAR COMPANY LIMITED

Building (41/A), Room No.(304), Sabai Street, Tharyar Gone Quarter, Mingalar Taung Nyunt Township, Yangon.

09-5174487, 01-530476

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ ။ ၂၀၁၄၊ နိုဝင်ဘာ လ၊ ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ (၂၀)တို့အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထား ခြင်း။

လေးစားအပ်ပါသောလူကြီးမင်းများခင်ဗျား။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရကျွန်တော်တို့ GRACEFUL BAMAR CO., LTD သည် မြေကွက်အမှတ်(စီ-၁၇၊ ၁၈၊ ၁၉၊ ၂၀)၊ ဂန့် ဂါရပ်ကွက်၊ ပုဂံမြို့သစ်၊ ဟိုတယ်ဇုန်အမှတ်(၄)၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ဆဲဖြစ်သော အဆောက်အအုံ(သုံးထပ်ဟိုတယ်အဆောက်အအုံတစ်လုံး(၁၃၅ပေ × ၅၅ပေ)၊ ဘန်ဂလို(၉)လုံး (တစ်လုံးလျှင် ၅၃ပေ × ၅၃ပေ)၊ Lobby & Dinning အဆောက်အအုံတစ်လုံး (၇၆ပေ× ၁၃၃ပေ) အကျယ်အဝန်းများဖြင့် ဟိုတယ်လုပ်ငန်းကိုလုပ်ကိုင်ရန် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

၂။ ကျွန်တော်တို့ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်းဟိုတယ်လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျွန်တော်တို့ကုမ္ပဏီသည် ဟိုတယ်လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းကိရိယာတန်ဖိုးအမေရိကန် ဒေါ်လာ (၇၀၁၀၃၀)ကို ပြည်ပမှမှာယူတင်သွင်းမည်ဖြစ်ပါသည်။

၄။ ကျွန်တော်တို့ဟိုတယ်အတွက် လိုအပ်သော ဝန်ထမ်းများကို ပြည်တွင်းရှိ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ(၂၀)အရ အောက်ပါအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

(က) ကုန်ထုတ်လုပ်ငန်း (သို့) ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုစီးပွားဖြစ် စတင်သောနှစ်အပါအဝင် တစ်ဆက်တည်းငါးနှစ်အထိဝင်ငွေခွန်ကင်းလွတ်ခွင့်၊

GRACEFUL BAMAR COMPANY LIMITED

Building (41/A), Room No.(304), Sabai Street, Tharyar Gone Quarter, Mingalar Taung Nyunt Township, Yangon.
09-5174487, 01-530476

(ခ) ပုဒ်မခွဲ (က)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်းယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင်ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဃ) လုပ်ငန်းတစ်ခုချင်းအလိုက် ပုဒ်မခွဲ(က)ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီးတစ်ဆက်တည်းနှစ်နှစ် အတွင်းအမှန်တကယ်ပေါ်ပေါက်သည့်အရှုံးငွေကို ယင်းသို့အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်းသုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်၊

(င) လုပ်ငန်းစတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းလာ သောယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊အသုံးအဆောင်တန်ဆာပလာ၊စက်ကိရိယာအစိတ် အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန်အကောက်များဖြစ်စေ၊နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ်သက်သာခွင့်၊

(စ) ဝင်ငွေခွန်စည်းကြပ်ရန် ကိစ္စအလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျှော့တွက်နှုန်းများအတိုင်းတွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျှော့တွက်ငွေကို အမြတ်ငွေ ထဲမှ နုတ်ပယ်ခွင့်၊

(ဆ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွက်ကုန်ထုတ်လုပ်ရန် တင်သွင်းသည့်ကုန်ကြမ်း များအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေနှစ်မျိုးစလုံးကို ဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဇ) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို ခွင့်ပြုထားသည့်သက်တမ်းကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင်အကောက် ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

ရိုသေလေးစားစွာဖြင့်

AUNG MOE KYI
MANAGING DIRECTOR
GRACEFUL BAMAR CO., LTD.

GRACEFUL BAMAR COMPANY LIMITED

Building (41/A), Room No.(304), Sabai Street, Tharyar Gone Quarter, Mingalar Taung Nyunt Township, Yangon.
09-5174487, 01-530476

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ ။ ။ ၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာ လ၊ (၂၈)ရက်။

အကြောင်းအရာ။ ။ ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်၍ဝန်ခံကတိပြုတင်ပြ ခြင်း။

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ **GRACEFUL BAMAR CO., LTD** သည် ဟိုတယ်လုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါ၍ အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်ပြီး ထိန်းသိမ်းသွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်း အသီးသီးမှ ညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

AUNG MOE KYI
MANAGING DIRECTOR
GRACEFUL BAMAR CO., LTD.

GRACEFUL BAMAR COMPANY LIMITED

Building (41/A), Room No.(304), Sabai Street, Tharyar Gone Quarter, Mingalar Taung Nyunt Township, Yangon.

09-5174487, 01-530476

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ ။ ။ ၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာ လ၊ (၂၈)ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်ကြောင်းဝန်ခံကတိပြုတင်ပြခြင်း။

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ **GRACEFUL BAMAR CO., LTD** သည် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ၊ (၂၃) ရက်တွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် (၃၅၉၂/၂၀၁၃-၂၀၁၄) ဖြင့် မှတ်ပုံတင်ရုံးမှထုတ်ပေးထားသော မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

AUNG MOE KYI
MANAGING DIRECTOR
GRACEFUL BAMAR CO., LTD.

